

ဇန္နဝါရီ – ဇွန် ၂၀၁၄

# မြန်မာနိုင်ငံ
# လူ့အခွင့်အရေး အခြေအနေ
# အစီရင်ခံစာ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

## ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ်ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက်ယူပေးခဲ့သော ကွင်းဆင်းသတင်းကောက်ယူသူ အားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာအား တည်းဖြတ်ပေးသော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ စေတနာ့ဝန်ထမ်းများအား အထူးကျေးဇူးတင်အပ်ပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အထောက်အပံ့ပေးခဲ့သည့် Open Society Foundation ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

*Cover photo*: HURFOM, victims of past related HRV
*Back cover photo*: KWAT, Mawinggyi refugee camp

Published by Network for Human Rights Documentation - Burma
August, 2014

GPO 315, Chiang Mai 50000, Thailand
T/F - +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org

# နိဒါန်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ တနံအလျားတွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်လှမ်းမှီသမျှ အစဉ်တစိုက် လေ့လာစောင့်ကြည့်နေပါသည်။

ယခုထုတ်ပြန်လိုက်သည့် အစီရင်ခံစာသည် ၂၀၁၄ ခုနှစ် ပထမနှစ်ဝက်ဖြစ်သည့် ဇန်နဝါရီလမှ ဇွန်လအတွင်း ကွန်ရက်မှ အထောက်အထားခိုင်လုံစွာ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ၁၀၃ ခုကို ထုတ်နှုတ် အစီရင်ခံတင်ပြထားခြင်း ဖြစ်သည်။

ယခုအစီရင်ခံစာတွင် မြေယာသိမ်းဆည်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မတရားဖမ်းဆီးမှု၊ မတရားသဖြင့် အခွန်ကောက်ခံမှု၊ တရားလက်လွတ် သတ်ဖြတ်မှု၊ အတင်းအဓမ္မ ခိုင်းစေမှု၊ လူကုန်ကူးမှု၊ အတင်းအဓမ္မရွှေ့ပြောင်းမှု၊ အဓမ္မပြုကျင့်မှု တို့အပါအဝင် စိုးရိမ်ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မီးမောင်းထိုး တင်ပြထားပါသည်။

သမ္မတဦးသိန်းစိန်အနေဖြင့် ၂၀၁၃ အကုန်တွင် နိုင်ငံရေးအကျဉ်းသား မရှိစေရဟု ကတိပြုထားသော်လည်း၊ ၂၀၁၄ ခုနှစ်အတွင်း ထပ်မံဖမ်းဆီး ထိန်းသိမ်းခံထားရသူများအပါအဝင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ဆက်ရှိနေဆဲဖြစ်သည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများမှာလည်း ၁၉၀၈ ခုနှစ် မတရားအသင်း အက်ဥပဒေ၊ ပုဒ်မ ၅ (င) နှင့် (ည) အရေးပေါ်စီမံမှုဥပဒေ၊ ပုဒ်မ (၁၈) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေများဖြင့် ဖမ်းဆီးထိန်းသိမ်းခံနေရသည်။ ဥပမာအနေဖြင့် သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သည့် ဦးဝင်းချိုနှင့် ဦးနေမျိုးဇင်တို့ကို ရန်ကုန်မြို့ ကျောက်တံတား ရဲစခန်းမှ ပုဒ်မ (၁၈) ဖြင့် အမှုဖွင့်ခဲ့သည်။[၁]

ထို့အပြင် တိုက်ပွဲများကြောင့် ပြည်တွင်းလှည့်လည် အခြေချနေရသည့် အပြစ်မဲ့ ကချင်ပြည်သူများကိုလည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟုဆိုကာ ပုဒ်မ (၁၇) မတရားသင်းအက်ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှုများ ရှိသည်။ ဤအချက်များကို ထောက်ရှုခြင်းဖြင့် လက်ရှိမြန်မာအစိုးရသည် မတရား၊ ဖိနှိပ်သည့် ဥပဒေများအား အသုံးပြုပြီး ပြည်သူလူထုအပေါ် ဆက်လက်ဖိနှိပ်နေဆဲဖြစ်သည်။

ယခုအစီရင်ခံစာ ရေးသားပြုစုသည့် ကာလအတွင်း မြန်မာအစိုးရအနေဖြင့် မီဒီယာ လွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍လည်း တင်းကြပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ကျင့်သုံးပြီး သတင်းထောက်များသည်လည်း လုပ်ပိုင်ခွင့် နည်းပါးသည်ကို တွေ့ရသည်။ အစိုးရသည် မီဒီယာနှင့် ပတ်သက်ပြီး ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်သည့်ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဥပဒေသစ်ကိုလည်း ပြဋ္ဌာန်းရန် ကြိုးပမ်းလျှက်ရှိသည်။ အဆိုပါဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ထုတ်ဝေခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ဆိုင်းငံ့ထားခြင်းတို့ လုပ်ပိုင်ခွင့်ရှိသည်။ အဆိုပါဥပဒေသည် တိုင်းရင်းသားမီဒီယာဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်ဟု BNI မှ အယ်ဒီတာတဦးဖြစ်သူ ခိုင်မြတ်ကျော်က ယခုလိုပြောသည်။ 'ဒီမို

[၁] http://burmese.voanews.com/content/article-18-505-protest-/1832868.html

ကရေစီအသွင်ကူးပြောင်းရေးမှာ မီဒီယာမှတ်ပုံတင်ရေးကို အသေးစိတ်ညွှန်ကြား၊ ပြဋ္ဌာန်းမှုမျိုး လုပ်လာတာဟာ လက်ခံနိုင်စရာမရှိဘူး။ ဒီဥပဒေဟာ အထူးသဖြင့် ဖြစ်ထွန်းကာစ တိုင်းရင်းသားမီဒီယာ ဖွံ့ဖြိုးမှုကို ထိခိုက်စေတယ်။ ဒါဟာ ဒေသန္တရအစိုးရတွေကို လုံခြုံရေးအရဆိုပြီး တိုင်းရင်းသားမီဒီယာတွေအပေါ် ဖိနှိပ်ဖို့ လုပ်ပိုင်ခွင့်ပေးလိုက်တာ ဖြစ်တယ်။'[၂]

ထို့အပြင် မကွေးတိုင်း၊ ပေါက်မြို့နယ်အတွင်းရှိ အမှတ် (၂၄) ကာကွယ်ရေးပစ္စည်းစက်ရုံကို လျှို့ဝှက်ဓာတုစက်ရုံဟု ဇန်နဝါရီလအတွင်းက ဖော်ပြခဲ့သည့် ယူနတီဂျာနယ်၏ သတင်းထောက် ၄ ဦးနှင့် အမှုဆောင်အရာရှိချုပ်ကို နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိခြင်းနှင့် လွတ်လပ်၊ ခိုင်မာသည့် မီဒီယာများသည် ဒီမိုကရေစီ ခိုင်မာအားကောင်းမှုအတွက် မရှိမဖြစ်လိုအပ်သည်။ မကြာသေးမီက မြန်မာနိုင်ငံအတွင်း မီဒီယာများအပေါ် ဖိနှိပ်ခြင်းသည် ဒီမိုကရေစီအသွင် ကူးပြောင်းမှုအတွက် အသားမကျမှု ဖြစ်ပြီး၊ နီးနီးကပ်ကပ် စောင့်ကြည့်လေ့လာရန် လိုအပ်နေသည်။

သမ္မတဦးသိန်းစိန် လက်ထက်တွင် နိုင်ငံခြားဖက်စပ် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စစ်တပ်အတွက် အကြီးအကျယ် မြေယာသိမ်းဆည်းမှုများ ရှိနေသည်။ ဇန်နဝါရီ၊ ၂၀၁၀ ခုနှစ်က စိုက်ပျိုးရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ ကုမ္ပဏီ ၂၁၆ ခုသည် စိုက်ပျိုးမြေဧက ၁ ဒသမ ၇ သန်း (ဟက်တာ ၇ သိန်းကျော်) အား အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရရှိခဲ့သည်။[၃]

မြေယာသိမ်းပိုက်ခံ ပြည်သူများမှ ၎င်းတို့မြေယာများ ပြန်လည်ရရှိရန်အတွက် အစိုးရအား တိုင်ကြားသော်လည်း၊ အစိုးရအနေဖြင့် တိကျခိုင်မာသည့် ခြေလှမ်းများဖြင့် မြေယာပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်ခြင်း မရှိပေ။ ထို့ကြောင့် အစိုးရအနေဖြင့် မတရားသိမ်းပိုက်ခံရသည့် လယ်မြေများအား ပိုင်ရှင်လက်သို့ ပြန်အပ်ရမည်ဟု ကြေငြာထားသော်လည်း လက်တွေ့တွင် အပြောနှင့်အလုပ် ရှေ့နောက် မညီညွတ်သည်ကို ပြနေသည်။ ထို့ပြင် အစိုးရအနေဖြင့် ရာစုနှစ် နှစ်စုကြာမျှ သိမ်းပိုက်ထားသည့် လယ်မြေဧက ၃ သောင်းကျော်ကိုလည်း ပြန်လည်ပေးအပ်နိုင်သေးခြင်း မရှိသေးကြောင်း သမ္မတဦးသိန်းစိန်က ထုတ်ဖော်ဝန်ခံခဲ့သည်။[၄]

လယ်ယာမြေ သိမ်းဆည်းမှုများကြောင့် မြန်မာနိုင်ငံတွင်း ပြည်တွင်းလှည့်လည် အခြေချနေရသူ အမြောက်အများ ဖြစ်ပေါ်လာစေပြီး၊ ဆင်းရဲမွဲတေခြင်း၊ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်းနှင့် အချို့ဒေသများတွင် မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းဝယ်မှုများ တိုးပွားစေသည်။ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကင်းစင်ပပျောက်ရေးအတွက် စစ်တပ်အုပ်စိုးမှု ကာလအတွင်း သိမ်းပိုက်ခဲ့သည့် လယ်ယာမြေများ ပြန်လည်ပေးအပ်ခြင်းနှင့် နိုင်ငံခြား ကုမ္ပဏီများမှ လယ်ယာမြေများ ထပ်မံသိမ်းပိုက်မှုများ အဆောတလျင် ရပ်တန့်စေရေးတို့ကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ခွင့်မရှိရန် တားဆီးထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် ဆက်လက်တောင်းဆို တိုက်ပွဲဝင်လျှက်ရှိသည်။ စစ်အစိုးရလက်ထက်တွင် စစ်တပ်နှင့်အာဏာပိုင်တို့ ချိုးဖောက်ခဲ့သည့် ပြစ်မှုများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားခြင်းကိုလည်း လှုပ်ရှားတက်ကြွသူများက ဆန့်ကျင်ကန့်ကွက်နေသည်။ အစိုးရအနေဖြင့်လူထုတောင်းဆိုမှုများကို ဖြေရှင်းပေးရမည့်အစား တက်ကြွလှုပ်ရှားသူများကို ထပ်ကာတလဲလဲ ဖမ်းဆီးခြင်းဖြင့်တုန့်ပြန်ဆောင်ရွက်နေသည်။ ပြည်သူလူထု လိုလားနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းမရှိလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးကြီးထွားမှုကို ထိခိုက်စေပြီး၊ အနာဂတ်တွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်ရှိနေမည် ဖြစ်သည်။

အဆိုပါဖြစ်ပေါ်မှုများနှင့် ဆက်စပ်လျှက်ပင် အစိုးရသည် အချိုးကျကိုယ်စားပြုစနစ် (PR) ကို လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် လက်ခံကျင့်သုံးရန် ထောက်ခံပြောဆိုလျှက်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် တိုင်းရင်းသားပါတီများအပါအဝင် အများစုက တိုင်းပြည်၏ဒီမိုကရေစီသည် နုနယ်သေးပြီး၊ အစိတ်စိတ်အမြွာမြွာကွဲပြားစေမည်ဟုဆိုကာ PR စနစ် ပြောင်းလဲကျင့်သုံးရန် အစိုးရ၏ပြောဆိုမှုများကို ဆန့်ကျင်လျှက်ရှိသည်။ PR စနစ်ကို ပြောင်းလဲကျင့်သုံးပါက အထူးသဖြင့် တိုင်းရင်းသားများအနေဖြင့် ရေရှည်ရှင်သန်ရပ်တည်ရေးနှင့် အကျိုးစီးပွားအတွက် မေးခွန်းထုတ်စရာအဖြစ် စိုးရိမ်မှုများ ရှိနေသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အနေဖြင့် အတိုက်အခံပါတီဖြစ်သည့် NLD အပြင် တိုင်းရင်းသားတို့၏ အသံများကို လျစ်လျူရှုခြင်းဖြင့် ဒီမိုကရေစီစံနမူနာများကို ၎င်းတို့အနေဖြင့် လိုက်နာကျင့်သုံးမှုမရှိသည်ကို အထင်အရှား ဖော်ပြနေသည်။

---

[၂] http://www.bnionline.net/index.php/news/bni/15729-bni-opposed-to-new-media-law-.html

[၃] http://karennews.org/2013/08/villagers-the-big-losers-as-land-is-grabbed-for-development.html/

[၄] http://www.scoop.co.nz/stories/WO1407/S00307/burmamyanmar-farmers-face-prison-sentences-for-trespassing.htm

ထိုသို့ ကွဲပြားခြားနားမှုများ ရှိနေလင့်ကစား အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်လျှက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် ဖယ်ဒရယ် စံနစ်အတွင်းမှ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် တောင်းဆိုလျှက်ရှိသည်။[၅]

စားပွဲဝိုင်းပေါ်တွင် တင်ပြ၊ ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများသို့ တပ်များ ပိုမိုစေလွှတ်၊ ချထားမှုများ ပြုလုပ်နေသည်။ အစိုးရတပ်များကို တိုင်းရင်းသားဒေသများမှ ရုပ်သိမ်းခြင်း မရှိသရွေ့ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ နှောင့်နှေးနေဦးမည်ဖြစ်သည်။ မကြာသေးမီကလည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှောင့်နှေးကြန့်ကြာနေခြင်းကြောင့် ပြည်သူလူထု အမြောက်အများမှာ ၄င်းတို့၏ အိုးအိမ်များဆုံးရှုံးခြင်းနှင့် ဝမ်းစာရှာဖွေစားသောက်ရန် အခက်အခဲများ ကြုံတွေ့ရသဖြင့် ပြည်တွင်းဒုက္ခသည်များအဖြစ် တိုးပွားလာသည်။ ထို့ပြင် ဒေသခံပြည်သူများမှာလည်း နှိပ်စက်ညှင်းပန်းခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ အတင်းအဓမ္မလုပ်အားပေး စေခိုင်းခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် အတင်းအဓမ္မပြုကျင့်ခြင်းများ ခံစားနေရသည်။ ရွာသားများ၊ အမျိုးသမီးများနှင့် ကလေးများမှာ စစ်ပွဲအတွက် လက်နက်ကိရိယာများအဖြစ် အသုံးချခံနေရသည်။ ဥပမာအနေဖြင့် ဇူလိုင်လ ၂၀ ရက်နေ့ ၂၀၁၄ ခုနှစ်တွင် နမ့်ခမ်းမြို့နယ်၊ မန်ပူကျေးရွာရှိ ပလောင်ရွာသားများသည် တအာင်းလွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ဆက်သွယ်သည်ဟု သံသယဖြစ်ကာ ဖမ်းဆီးခံရရုံမက၊ ရွာအတွင်းသို့ အစိုးရတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းလည်း ခံရသည်။[၆] တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေခြင်းကြောင့် ပြည်သူလူထုမှာ အခက်အခဲများ ဆက်လက်ရင်ဆိုင် နေရသော်လည်း အစိုးရ၏ အထောက်အပံ့ အကူအညီများ မရရှိဘဲ၊ ဟန့်တား၊ ပိတ်ပင်မှုများသာ ကြုံတွေ့နေရသည်။ အစိုးရအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေသည်ဟု ကြွေးကြော်နေသော်လည်း ဤကဲ့သို့ မတည်ငြိမ်သည့် ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးမျိုး၊ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်လျှက်ရှိသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှု ပြဿနာကို ပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသများတွင်သာ တွေ့ရသည် မဟုတ်ပါ။ ရဟန်း၊ သံဃာများမှာလည်း အကျိုးအကြောင်း တစုံတရာမရှိဘဲ ဖမ်းဆီးထိန်းသိမ်းခံနေရပြီး ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းအတွင်း ၄င်းတို့၏ ဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ဆောင်ခြင်းခံနေရသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အစိုးရအနေဖြင့် မီဒီယာများအပေါ် ဖိနှိပ်ထားသော်လည်း မြန်မာနိုင်ငံတွင်း မကြာမီက ဖြစ်ပေါ်ခဲ့သည့် ဘာသာရေးဆန်ဆန် အဓိကရုဏ်းများတွင် အစိုးရအနေဖြင့် ပါဝင်ကျူးလွန်နေသည့် သတင်းများ ပေါ်ထွက်လာပြီး၊ အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်ပုံမှာ နှေးကွေးပြီး လိုအပ်သည့် တားဆီးအရေးယူမှုများ ပျက်ကွက်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအတွင်း ဤသို့ စိန်ခေါ်မှုများ၊ တားဆီးပိတ်ပင်မှုများ ရှိနေသော်လည်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် လှုပ်ရှားတက်ကြွသူများသည် အမှန်တရားနှင့် တရားမျှတမှုရှာဖွေရေးလုပ်ငန်းများကို ဆက်လက်တိုက်ပွဲဝင် ဆောင်ရွက်လျှက်ရှိသည်။ ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် AAPP သည် NLD အဖွဲ့ဝင်များအားဖိတ်ကြား၍ နိုင်ငံရေးအကျဉ်းသားများအတွက် အောက်မေ့ဖွယ် အထိမ်းအမှတ်တခုကို ကျင်းပခဲ့သည်။ ထိုအထိမ်းအမှတ်ပွဲတွင် NLD အဖွဲ့ဝင် ၃၆ ယောက်တို့က စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်အတွင်း ၄င်းတို့ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို ပြန်ပြောင်းပြောဆို ဝေမျှခဲ့သည်။ ယခုလို အခမ်းအနားမျိုးနှင့် အလားတူ လှုပ်ရှားမှုများမှ တဆင့် မြန်မာပြည်သူများသည် အတိတ်မှ အမှန်တရားနှင့် တရားမျှတမှုအတွက် ဆက်လက်တိုက်ပွဲဝင်လျှက်ရှိပြီး ယခုလို အရေးကြီးသည့်ကာလတွင် အမှန်တရားအတွက် ထုတ်ဖော်ပြောကြားရန် သန္နိဋ္ဌာန် ခိုင်ခိုင်မြဲမြဲ ကိုင်စွဲထားသည်ကို တွေ့ရသည်။



[၅] http://www.mizzimaburmese.com/2013-10-20-16-16-07/2013-11-01-01-48-27/item/21918-2014-05-22-02-48-22

[၆] www.palaungwomen.com

# ND-Burma အဖွဲ့ဝင်များ၏ လှုပ်ရှားမှုနှင့် အစီရင်ခံစာများ

## နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP)

လွန်ခဲ့သည့် ၆ လအတွင်း AAPP အနေဖြင့် အောက်ပါ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် အမှန်တရား ရှာဖွေခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီလ ၂ ရက်၊ ၂၀၁၄ ခုနှစ်တွင် AAPP နှင့် FPPs တို့ ပူးတွဲပြီး စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များ အတွင်း ကျဆုံးခဲ့သည့် နိုင်ငံရေးအကျဉ်းသားများအား ဂုဏ်ပြုပွဲတရပ်အား ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီခန်းမတွင် ပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားမှ စစ်အစိုးရလက်အောက်တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများ သည် အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် အသက်သေဆုံးသည်အထိ ညှင်းပန်းနှိပ်စက်ခံခဲ့ရသည်ကို သတိ ပြုမိအောင် တင်ပြနိုင်ခဲ့သည်။

ဇူလိုင်လ ၁၅ ရက် ၂၀၁၄ ခုနှစ်တွင် AAPP မှ ဦးဆောင်ပြီး အသွင်ကူးပြောင်းရေးကာလတရားမျှတမှုနှင့် အမှန်တရား ဖော်ထုတ်ပွဲကို ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်ရှိ NLD ပါတီတွင် ကျင်းပခဲ့သည်။ အဆိုပါ အထိမ်းအမှတ်ပွဲမှာ NLD ပါတီဝင် ၃၆ ဦးအား စစ်အစိုးရမှ စစ်မြေပြင်တွင် အတင်းအဓမ္မ စစ်မှုထမ်းစေခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ ၁၉၉၇ ခုနှစ် တွင် ရေတာရှည်မြို့နယ်မှ NLD ပါတီဝင် အမျိုးသား ၄၀ ဦးနှင့် အမျိုးသမီး ၃ ဦးတို့အား စစ်ထောက်လှမ်းရေးမှ ဆွေးနွေးစရာရှိ၍ ၎င်းတို့နောက် လိုက်ခဲ့ရန် ပြောဆိုခဲ့သည်။ ထို့နောက် အဆိုပါ NLD အဖွဲ့ဝင်များအား စစ်မြေပြင် သို့ ပေါ်တာလိုက်ရန် ပို့ဆောင်လိုက်သည်။ အဆိုပါ အခွင့်အရေးချိုးဖောက်ခံရသူများ၏ ပြောဆိုချက်အရ NLD ပါတီဝင် အမျိုးသမီး ၃ ဦးနှင့် ကလေးတဦးကို ပြန်လွှတ်ခဲ့သော်လည်း ကျန်ရစ်သည့် NLD ပါတီဝင် ၃၆ ဦးကို စစ်မြေပြင်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလမှစပြီး FPPS, NLD, SNLD, ရှစ်ဆယ့်ရှစ်မျိုးဆက် (ငြိမ်း၊ ပွင့်) နှင့် နိုင်ငံရေးအကျဉ်းသားများကွန်ရက် (အထက်ဗမာပြည်) တို့နှင့် ပူးပေါင်း၍ နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့် အချက်အလက်များ ကောက်ယူ စုဆောင်းနေသည်။ အဆိုပါ လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း နေထိုင်နေသည့် နိုင်ငံအရေး အကျဉ်း သားများ၏ အတွေ့အကြုံနှင့် လူနေမှုဘဝကို ကတ်တလောက်အဖြစ် ပြုစုတင်ပြနိုင်ရန်ဖြစ်သည်။

လွန်ခဲ့သည့် ၆ လအတွင်း AAPP အနေဖြင့် အခြေခံလူ့အခွင့်အရေးသင်တန်း နှစ်ကြိမ်၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု (အခြေခံ) သင်တန်းတကြိမ်နှင့် ဆရာဖြစ်သင်တန်းနှစ်ကြိမ် ပြုလုပ်ခဲ့သည်။

www.aappb.org

## မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM)

HURFOM အနေဖြင့် အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး ကာယကံရှင် နစ်နာသူများ၏ ဖြစ်ချင်သည့် ဆန္ဒ၊ အသံများကို သက်ဆိုင်ရာ တာဝန်ရှိအစိုးရ၊ ချိုးဖောက်သူများ ကြားနိုင်အောင်နှင့် အများက အာရုံစိုက်လာနိုင်အောင် ရည်ရွယ်ပြီး 'တရားမျှတမှုကို ခြေရာကောက်ခြင်း' ဆိုသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

http://www.rehmonnya.org/reports/DisputedTerritory.pdf
http://rehmonnya.org/reports/in-pursuit-of-justice.pdf

## ပလောင်အမျိုးသမီးအဖွဲ့အစည်း (PWO)

PWO မှ ပလောင်ဒေသအတွင်း စစ်ပွဲများကြောင့်ထွက်ပြေးနေရသည့် ပြည်တွင်းဒုက္ခသည်များ၏ အခြေအနေကို မီးမောင်းထိုးပြထားသည့် 'လျစ်လျူရှုခံအကြပ်အတည်း' ဆိုသည့် အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးရာတွင် ပလောင်ဒေသတွင်းရှိ စစ်ပြေးဒုက္ခသည်နှင့် ကျူးလွန်ခံရသူများအရေး ဖြေရှင်းကူညီပေးနိုင်ရန်နှင့် အစိုးရတပ်များအနေဖြင့်လည်း တိုင်းရင်းသားဒေသများမှ ဆုတ်ခွာပေးရန် တိုက်တွန်းထားသည်။

www.palaungwomen.com

## ကချင်အမျိုးသမီးအစည်းအရုံး - ထိုင်းနိုင်ငံ (KWAT)

KWAT အနေဖြင့် ဇွန်လ ၉ ရက်နေ့တွင်၊ ကချင်ပြည်နယ်တွင်း တိုက်ပွဲများ ဖြစ်ပွားနေခြင်း ၃ နှစ်မြောက်အဖြစ် ထုတ်ပြန်ချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် အစိုးရတပ်များအနေဖြင့် ဒေသခံပြည်သူများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် ချိုးဖောက်မှုမျိုးစုံကို ထောက်ပြထားသည်။ အစိုးရတပ်များအနေဖြင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အပေါ် ထိုးစစ်များဆင်နွှဲနေခြင်းကြောင့် ဒေသခံပြည်သူများပြည်တွင်းစစ်ပြေးဒုက္ခသည်များအဖြစ် ပိုမိုများပြားလာနေသည့်အတွက် အစိုးရအနေဖြင့် ကချင်ပြည်သူများအပေါ်ထိုးစစ်ဆင်နေမှုများ ရပ်ဆိုင်းရန်နှင့် ၎င်းတို့၏ တပ်များရုပ်သိမ်းပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းစေရန်လည်း တောင်းဆိုထားသည်။

www.kachinwomen.com

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

**ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်း အချက်အလက် ကောက်ယူသူများသည် လူ့အခွင့်အရေးမှတ်တမ်းများ ကောက်ယူရာတွင် အသက်အန္တရာယ်နှင့်ရင်း၍ ဆောင်ရွက်ရသည်။ လူ့အခွင့်အရေး ဆောင်ရွက်သူများသည် အစိုးရ၏ အငြိုးထားမှုခံရသည့်အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် ထောင်ချခံရခြင်းတို့ အမြဲတစေရင်ဆိုင်ရသည်။ လုံခြုံရေး အခြေအနေကြောင့် လူ့အခွင့်အရေးမှတ်တမ်း ကောက်ယူခြင်းအား ပေါ်ပေါ်ထင်ထင် မလုပ်နိုင်သည့်အတွက် မြန်မာ နိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ်နိုင်စေရေးအတွက် တပ်ပြနိုင် ခြင်းမရှိပေ။

အစိုးရသည် ဒေသခံပြည်သူလူထုအပေါ် အထူးသဖြင့် အလှမ်းကွာဝေးသောဒေသများနှင့် ပဋိပက္ခ ဖြစ်ပွားရာဒေသများ အတွင်း နေထိုင်သော ပြည်သူလူထုအပေါ် ပိုမိုဖိနှိပ်မှုများ ရှိသဖြင့်၊ လုံခြုံရေးအန္တရာယ် ပိုများသည်။ ထိုဒေသများ အတွင်း အချက်အလက် ကောက်ယူနေကြသော ကွင်းဆင်းအချက်အလက် စုဆောင်းသူများသည်၊ သတင်းအချက် အလက်အား တဦးချင်း အဆက်အသွယ်များအပေါ် အခြေခံ၍ ကောက်ယူရသည်။ ကွန်ရက် ကွင်းဆင်းအချက်အလက် ကောက်ယူသူတိုင်းသည် နောက်ထပ် အဆက်အသွယ်ပိုရလာစေရန် ကြိုးပမ်းရသကဲ့သို့ ကျေးရွာခေါင်းဆောင်၊ အစိုးရ ဝန်ထမ်းများနှင့်လည်း တွေ့ဆုံမေးမြန်း အချက်အလက် ကောက်ယူသည်။

**မှတ်တမ်းတင်ခြင်း** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) သည် နိုင်ငံတကာ လူ့အခွင့်အရေးအန်ဂျီအို များ၏ အကူအညီကိုရယူ၍ ယခုအစီရင်ခံစာပါ အချက်အလက်များ ကောက်ယူပေးသော အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူသူများကို သင်တန်းပေးသည်။ ထို့နောက် အဆိုပါ ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုအတွင်း၊ တွေ့ဆုံမေးမြန်း အချက်အလက် ကောက်ယူခြင်းနှင့် တခြားသတင်းအချက်အလက်များ ကောက်ကူစုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အရေးနှင့် ပြင်ပအခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင် ခံစာပါဖြစ်ရပ်များသည် အစီရင်ခံစာပြုစုသည့်ကာလအတွင်း ကျူးလွန်မှုခံခဲ့ရသူများမှ တိုက်ရိုက်ပြောဆိုချက်များ ဖြစ် သည်။ မျက်မြင်သက်သေများမှ ပြောသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက် အလက်များအရ မြန်မာအစိုးရစစ်သားများ အများဆုံးကျူးလွန်သော ချိုးဖောက်မှုများဖြစ်သည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေများကို မှန်မှန်ကန်ကန် စောင့်ကြည့်လေ့လာ၊ မှတ်တမ်းတင်နေသည့် မည်သည့် အဖွဲ့အစည်းနှင့်အဆို ND-Burma အနေဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ND-Burma အနေဖြင့် အဖွဲ့ဝင် အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့များအားလည်း အကူအညီပေးရန် အဆင်သင့်ရှိပါသည်။

**အချက်အလက်စီမံခန့်ခွဲမှု** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက် ကောက်ယူစုဆောင်းသူများသည် ရရှိလာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်း

ထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိဝန်ထမ်းများက ကွန်ရက်ရှိ ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) ၏ အချက်အလက်စီမံခန့်ခွဲရေး အလုပ်အဖွဲ့က အချက်အလက်တခုချင်းစီအား ပြင်ဆင်စုစည်းပြီး ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများအနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကိုရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်းအချက်အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည်ဖြစ်ပြီး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း တာဝန်ခံမှုကို ရှာဖွေရာတွင် အသုံးပြုမည်ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် အလွတ်သဘော အမှန်တရားရှာဖွေရေးကော်မရှင်အတွက် မှတ်တမ်းများကောက်ယူသည့် သင်တန်းများကိုလည်း စီစဉ်၊ ဆောင်ရွက်ပေးပါသည်။ သင်တန်းများတွင် သင့်တော်သည့် မှတ်တမ်းကောက်ယူခြင်းနှင့် ကျူးလွန်ခံရသူများမှ ၄င်းတို့ တွေ့ကြုံခံစားခဲ့ရမှုများကို ထုတ်ဖော်ပြောကြားလာနိုင်စေရန်လည်း သင်ကြားပေးပါသည်။ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည်လည်း အမှန်တရားထုတ်ဖော် ပြောကြားမှုများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ လူ့အခွင့်အရေးချိုးဖောက်မှု ၁၀၃ ခုကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့ပြီး အများအပြားမှာ စစ်တပ်မှ ကျူးလွန်ခြင်းဖြစ်သည်။ ၆ လတာကာလအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုတွင် ND-Burma အနေဖြင့်မှတ်တမ်းတင်ကောက်ယူစုဆောင်းခဲ့ခြင်းဖြစ်သည်။ ND-Burma အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အတတ်နိုင်ဆုံးမှတ်တမ်းတင် ကြိုးစားခဲ့သော်လည်း၊ ယခုအစီရင်ခံစာသည် မြန်မာတနိုင်ငံလုံးတွင်ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလွှမ်းခြုံနိုင်မည်မဟုတ်ပါ။ ထို့အပြင် အဖွဲ့ဝင်အဖွဲ့အစည်းများ အခြေစိုက်သည့် ဒေသများအတွင်းဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု အားလုံးနှင့် တခုချင်းစီကိုလည်း မှတ်တမ်းတင်နိုင်ခြင်းမရှိပါ။ ယခုအစီရင်ခံသည့် ကာလအတွင်း အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက် အနည်းငယ်သာ ဖော်ပြနိုင်ပါသည်။ အကန့်အသတ်များ ရှိနေသော်လည်း ND-Burma ၏ မှတ်တမ်းများက မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် လားရာကို သိရှိနိုင်စေရန်နှင့် အလျင်အမြန်ဆောင်ရွက် အကောင်အထည် ဖော်သင့်သည့် ကိစ္စများကို အထူးဂရုပြုဆောင်ရွက်နိုင်စေရန်အတွက် ထုတ်ဖော်တင်ပြခြင်းဖြစ်ပါသည်။

ယခုအစီရင်ခံစာအရ နေရာဒေသတော်တော်များများတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုမှာ လယ်ယာမြေသိမ်းဆည်းခြင်းဖြစ်ပြီး အရေအတွက်အားဖြင့် ၃၆ ခုဖြင့် အများဆုံးတွေ့ရသည်။ ထို့အပြင် ညှဉ်းပန်းနှိပ်စက်မှု ၁၄ မှုကို မှတ်တမ်းတင်နိုင်သည်။ ထိုသို့ အရေအတွက်နည်းပါးစွာ ကောက်ခံရခြင်းနှင့်ပတ်သက်ပြီး ပထမအချက်အနေဖြင့် ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူသူများသည် လုံခြုံရေး အခြေအနေအရတခြားဒေသများတွင် သတင်းကောက်ယူခြင်း မပြုနိုင်ခဲ့ပါ။ ယခုအစီရင်ခံစာပါ အချက်အလက်များကို ပြည်နယ်နှင့်တိုင်းဒေသကြီး ၈ ခုတွင်သာ ကောက်ခံထားခြင်းဖြစ်သည်။ ဒုတိယအချက်အနေဖြင့် စစ်ပွဲများ ဖြစ်ပေါ်နေခြင်းနှင့်စစ်ပွဲများနှင့် ဆက်စပ်သည့် ပြောင်းရွှေ့မှုများက လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေသည့် ဒေသများသို့ ဝင်ရောက်သတင်းအချက်ရယူရေးအတွက် အနှောင့်အယှက် အတားအဆီးများ ဖြစ်ပေါ်စေသည်။ထို့ကြောင့် ရလဒ်အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်အပါအဝင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် ဒေသများအတွင်း အမှန်တကယ်ဖြစ်ပျက်နေသည့် လူ့အခွင့်အရေးအခြေအနေထက် နည်းပါးသည့် အနေအထားကိုသာ အစီရင်ခံနိုင်သည်။

နောက်ဆုံးအနေဖြင့်  ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် အခြေအနေနှင့် လက်စားချေ လက်တုန့်ပြန်ခံရမည်ကို ကြောက်လန့်နေရခြင်းတို့ကြောင့်လည်း လူ့အခွင့်အရေးချိုးဖောက်ခံရသူ အများအပြားသည် အခွင့်အရေး ရရှိသော်လည်း ထုတ်ဖော်ပြောဆိုရန် ဝန်လေးနေတတ်ကြသည်။

ယခု ကာလအတွင်း လယ်ယာမြေ သိမ်းဆည်မှုများအပြင်၊ သတ်ဖြတ်မှု ၁၄ မှု၊ အတင်းအဓမ္မအခွန်အကြပ်ကောက်ခံခြင်း ၉ မှုနှင့် အတင်းအဓမ္မပြုကျင့်ခြင်း၊ အတင်းအဓမ္မ ခိုင်းစေခြင်း၊ လူကုန်ကူးမှု၊ အတင်းအကြပ်ပြောင်းရွှေ့ခြင်း၊ ကလေးစစ်သား အသုံးပြုခြင်းတို့ကိုလည်း မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ND-Burma မှ တနှစ် နှစ်ကြိမ် အစီရင်ခံခဲ့သည့် မှတ်တမ်းများအရ ၂၀၁၃ ခုနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ၂၅၃ မှုကို ဖော်ထုတ်တင်ပြနိုင်ခဲ့သည်။ အစီရင်ခံစာများအရ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ လေးလေးနက်နက် ပြောင်းလဲပစ်ရန် တာဝန်ယူမှုများ မရှိသရွေ့ ဆက်လက်ဖြစ်ပေါ် နေဦးမည်ဖြစ်သည်။

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန္နဝါရီလ - ဇွန်လ ၂၀၁၄)

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၄ |
| ၂ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၃၆ |
| ၃ | ပျောက်ဆုံးခြင်း | ၁ |
| ၄ | အတင်းအဓမ္မ စေခိုင်းခြင်း | ၉ |
| ၅ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၁ |
| ၆ | လူကုန်ကူးမှု | ၅ |
| ၇ | သတ်ဖြတ်ခြင်း | ၁၄ |
| ၈ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | ၁ |
| ၉ | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | ၂ |
| ၁၀ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ၅ |
| ၁၁ | ကလေးစစ်သားအသုံးပြုခြင်း | ၂ |
| ၁၂ | ညှင်းပမ်းနှိပ်စက်ခြင်း | ၁၄ |
| ၁၃ | မတရားအခွန်ကောက်ခြင်း | ၉ |
| စုစုပေါင်း | | ၁၀၃ |



# လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန္နဝါရီ - ဇွန် ၂၀၁၄)

ဖြစ်ရပ်မှန်ပုံစံများ

## အတင်းအဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

*HURFOM မှ မွန်ပြည်နယ် အတွင်း မှတ်တမ်းတင်ထားမှု*

### *မွန်အမျိုးသမီးတဦးအား စစ်တပ်အရာရှိတဦးမှ ကိုယ်ထိလက်ရောက်ကျူးလွန်မှု*

ဇန်နဝါရီလ ၂၆ ရက် ၂၀၁၄ ခုနှစ် နံနက်စောစောတွင် မွန်အမျိုးသမီးတဦးဖြစ်သူ မိချိုသည် အမြောက်တပ်အနီးတွင် ရှိသည့် ရာဘာခြံတွင် ရာဘာစေးခြစ်နေစဉ် ဒုတပ်ကြပ် ရဲမင်းထွန်းသည် မိချိုကို ဖမ်းချုပ်ပြီး အတင်းအဓမ္မပြုရန် ကြိုးစားခဲ့သည်။ ထိုအချိန်တွင် မိချိုသည် ဒုတပ်ကြပ်၏ လက်မောင်းကို ကိုက်လိုက်ရာ၊ ဒုတပ်ကြပ်က မိချိုအား ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့သည်။ ထိုသို့ ကိုယ်ထိလက်ရောက်ကျူးလွန်မှုကြောင့် မိချို၏ မျက်လုံး၊ မျက်နှာ၊ရင်ဘတ်၊ ခေါင်း၊ ကျောတို့ အပြင် လက်တွင်လည်း အကိုက်ခံရသည့် ဒဏ်ရာများ ရရှိခဲ့သည်။ မိချိုအား ကူညီစောင့်ရှောက်ပေးနေသူ အိမ်နီးချင်းတဦးက ပြောရာတွင် 'လောလောဆယ် သူကောင်းကောင်း နေမကောင်းသေးဘူး၊ သူ့အခြေအနေက စိုးရိမ်ရတယ်။' သူ့ခေါင်းကို မတ်မတ် မထားနိုင်သေးဘဲ၊ ရန်ကုန်၊ ကြည့်မြင်တိုင် အရိုးကုဆေးရုံတွင် ကုသခံနေရဆဲဖြစ်ပြီး၊ သူမ၏ လက်ချောင်းဒဏ်ရာများအတွက်လည်း ခွဲစိတ်ကုသမှု ခံယူရမည် ဖြစ်သည်။

အဆိုပါ မြန်မာအစိုးရ တပ်သားများ၏ လိင်ပိုင်းဆိုင်ရာစော်ကားမှုမှာ သံဖြူဇရပ်မြို့နယ်အတွင်း ဒီဇင်ဘာ ၂၄၊ ၂၀၁၃ ခုမှ ဇန်နဝါရီ ၂၆၊ ၂၀၁၄ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်သည်။ တိုင်းရင်းသူများမှာ မြန်မာအစိုးရတပ်များ၏ လက်အောက်တွင် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို တွေ့ကြုံနေရသည်။ စစ်ဖက်ဆိုင်ရာ အရာရှိများမှလည်း မိချို၏ သတင်းကို ဖုံးဖိထားကြပြီး ကျူးလွန်မှုများ ဆက်လက်ပြုလုပ်နေသည်။

## လယ်ယာမြေသိမ်းဆည်းခြင်း

*မွန်ပြည်နယ်အတွင်း HURFOM မှ မှတ်တမ်းတင်ထားခြင်း*

### *သံဖြူဇရပ်ရှိ အမှတ် (၄) တပ်မတော်တန်းမြှင့်သင်တန်းကျောင်း ဧက ၃၀၀ တိုးချဲ့ခြင်း*

ဇန်နဝါရီလ ၂၀၁၄ ခုနှစ်တွင်၊ သံဖြူဇရပ်ရှိ ဝဲကလိ အမှတ် (၄) တပ်မတော်တန်းမြှင့်သင်တန်းကျောင်းမှ ဒေသခံများ၏ ရာဘာစိုက်ပျိုးခြံများအား မတရားအခွန်ကောက်ခံနိုင်ရန်အတွက် သင်တန်းကျောင်းအား ဧက ၃၀၀ တိုးချဲ့မည်ဟု ကြေငြာခဲ့သည်။ ယခုလို မကြေငြာမီ လွန်ခဲ့သည့် ၁၀ နှစ်ကပင် တပ်ဧရိယာအား ဧက ၄၀၀ တိုးချဲ့ခဲ့ပြီး၊ အခွန်ကောက်ခြင်းကို ၂၀၁၂–၂၀၁၃ တွင် ရပ်နားခဲ့သည်။ ယခုတဖန် သင်တန်းကျောင်းအား အသစ်ထပ်မံတိုးချဲ့လိုက်သည့်အတွက် ကျောင်းဧရိယာအတွင်း ပါသွားသည့် ဒေသခံများအနေဖြင့် ၂၀၁၄ ခုနှစ် မတ်လနောက်ဆုံးထား၍ အခွန်ကျပ်နှစ်သိန်းနီးပါး ပေးဆောင်ရမည် ဖြစ်သည်။ တပ်မှ သတ်မှတ်ထားသည့် အခွန်ကိုပေးဆောင်နိုင်သူများသာ ၄င်းတို့၏ မြေပေါ်တွေ လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်ပြီး မပေးနိုင်သူများမှ ထိုနေရာမှ ဖယ်ရှား ခြင်း ခံရမည်ဖြစ်သည်။

## လူကုန်ကူးမှု

*ကချင်ပြည်နယ်အတွင်း KWAT မှ မှတ်တမ်းတင်ထားခြင်း*

### *အိမ်ထောင်ရှင်မိခင်တဦးအား အဓမ္မလက်ထပ်ထိမ်းမြားရန်အတွက် ရောင်းချခြင်း*

ကလေး ၂ ယောက်၏ မိခင်ဖြစ်သူ ဂျာ (အမည်ရင်းမဟုတ်) သည် မိသားစု စားဝတ်နေရေး ကြပ်တည်းသဖြင့် တရုတ်တွင် မဖြစ်မနေ အလုပ်ထွက်ရှာရသည်။ တရုတ်ပြည်တွင် အလုပ်လုပ်ရန် ပြောင်းရွှေ့သွားသူ သူငယ်ချင်း မရန်ဂျာဘောက်အား ဆက်သွယ်ပြီး သူ့အတွက် အလုပ်ရှာပေးရန် ပြောသည်။ နောက်တပတ်အကြာတွင် မရန်ဂျာဘောက်မှ ရှုလီရှိ ဆောက်လုပ်ရေး အလုပ်သမားများအား ထမင်းချက်ပေးရန် အလုပ်ရှာထားကြောင်း အကြောင်း ကြားလာသည်။

တရုတ်နယ်စပ်တွင် လဘန်ရိုင်ဂျာသည် မရန်ဂျာဘောက်၏ ဆက်သွယ်ပေးမှုဖြင့် အလုပ်ကိစ္စ စီစဉ်ပေးမည့် အာဂျီနှင့် တွေ့ဆုံရသည်။ ထိုညနေတွင် ဂျာအား တရုတ်အမျိုးသား နှစ်ဦးနှင့် မိတ်ဆက်ပေးပြီး ၄င်းအမျိုးသားများမှာ အာဂျီအား ပိုက်ဆံပေးလိုက်သည်ကို ဂျာက တွေ့ထားသည်။ ဂျာအား တလလျှင် တရုတ်ယွမ်ငွေ ၁၅၀၀ ပေးမည်ဟု ပြောပြီး အာဂျီက သူမအား ၃လစာ ကြိုတင်လစာအဖြစ် ယွမ် ၅၀၀၀ ပေးသည်။ သူမအနေဖြင့် ဤနေရာတွင် ၆ လလုပ်ပေးရမည်ဟုလည်း ပြောသည်။

နောက်တနေ့တွင် ဂျာအား တခြားကားတစီးဖြင့်ခေါ်သွားပြီး အာဂျီအနေဖြင့် နောက်ကားဖြင့် လိုက်လာခဲ့မည်ဟု ပြောသည်။ ညနေပိုင်းတွင် အာဂျီအနေဖြင့် သူမနောက်လို့ လိုက်မလာခဲ့ကြောင်း ဂျာ သဘောပေါက်သွားသည်။ သူအလုပ်လုပ်ရမည့် အိမ်သို့ ရောက်သွားသည် (သူမအနေဖြင့် တရုတ်လို ကောင်းစွာနားမလည်ပေ)။ သူမ နေရမည့် အခန်းသို့ ခေါ်သွားရာတွင် အိပ်ယာ ၂ ခုအဖြစ် တရုတ်လူငယ်တဦးကိုပါ တွေ့လိုက်ရသည်။ ထို့နောက် သူမအနေဖြင့် ရောင်းစားခံလိုက်ရပြီဖြစ်ကြောင်း သဘောပေါက်သွားသည်။ သူမအနေဖြင့် ဂျာဘောက်နှင့် အာဂျီတို့ နှစ်ယောက်လုံးကို ဖုန်းဖြင့် ဆက်သွယ်သော်လည်း တယောက်မှ ဖုန်းမကိုင်တော့ပေ။ တလကြာပြီးနောက် ဂျာသည် အာရှန်ဆိုသည့် တရုတ်တဦးနှင့် လက်ထပ်လိုက်ရသည်။ အာရှန်အနေဖြင့် ဂျာအား လက်ထပ်ရန် ယွမ်ငွေ ၃၃၂၀၀ ပေးလိုက်ရသည်။

လက်ထပ်ပြီး ၃ ရက်အကြာတွင် ဂျာက နွမ်တူရှိ သူ့မိဘများထံ သွားလည်မည်ဟု သူ့မိသားစုအသစ်ကို ပြောလိုက်သည်။ ထို့နောက် သူ့ဝမ်းကွဲမောင်နှမတော်သူကို ရှာဖွေပြီး သူ၏အကူအညီဖြင့်ပင် မြန်မာပြည်သို့ ပြန်နိုင်ခဲ့သည်။

## ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာပြုမူဆက်ဆံခြင်း

*PWO မှ ရှမ်းပြည်နယ်တွင် မှတ်တမ်းတင်ထားခြင်း*

အပြစ်မဲ့ရွာသား (၅) ဦးကို မြန်မာအစိုးရ တပ်များမှ T.N.L.A နှင့် ပတ်သက် ဆက်နွယ်နေသည်ဟု စွပ်စွဲကာ ညှင်းပန်းနှိပ်စက်ခဲ့သည်။

အစိုးရစစ်တပ်များသည် ဇန်နဝါရီလ ၁၇ ရက်နေ့ ၂၀၁၄ ခုနှစ်တွင် နမ့်ဆန်မြို့နယ်မှတက်လာပြီးဟိုနမ့်ကျေးရွာသို့ ရောက်ရှိကာ ဟိုနမ့်ကျေးရွာအနီးတွင်ရှိသော T.N.L.A တပ်နှင့် ထိပ်တိုက်တွေ့ဆုံတိုက်ပွဲဖြစ်ကာ၊ အစိုးရ

စစ်တပ်မှ (၄) ဦးကျဆုံးသွားသောကြောင့် မကျေမနပ်ဖြစ်ပြီး၊ ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် အတွင်းမှ အပြစ်မဲ့ရွာသားများကို ဖမ်းဆီးရိုက်နှက်သည်။

မျက်မြင် တဦးပြောပြချက်အရ 'အဲဒီစစ်သားတွေက ကျမတို့ရွာကိုလာပြီးတော့ ဥက္ကဌနဲ့ ရွာသားအိုက်မောင် (အမည်ရင်း မဟုတ်) ကို ဘုန်းကြီးကျောင်းနားမှာ ခေါ်လာပြီး တအာင်းတပ်နဲ့ဖြစ်တဲ့ တိုက်ပွဲအကြောင်း စစ်ဆေး မေးမြန်းရင်းနဲ့ သူတို့နှစ်ယောက်ကို ရိုက်လိုက်တာ၊ အဲဒီ ရွာသားက ခြေတွေလက်တွေမှာ ဒဏ်ရာပိုရတယ်၊ ပြီးတော့ နောက်ထပ် ရွာသား ၃ ဦး ကျတော့ T.N.L.A နဲ့ ပတ်သက်နေတယ်လို့ ပြောပြီးတော့ရိုက်တာ။ ပြီးတော့ နေ့လည် ကနေစပြီး တော့ ညနေ ၆း၀၀ နာရီထိ ဖမ်းထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ထဲကတယောက်ရဲ့ညီက တအာင်းစစ်တပ်မှာ ပါတယ်။ အဲဒီ စစ်သားတွေက သူ့ရဲ့ညီဓာတ်ပုံကို တောင်းကြည့်နေတာ၊ သူကမရှိဘူးပြောလို့ အဖမ်းခံရတယ်' ဟု ပြောသည်။

ဒေသခံတဦးပြောပြချက်အရ 'အစိုးရစစ်သားတွေက အယောက် (၁၀၀) ခန့်လောက်ရှိမယ်၊ ကျတော်တို့ ဥက္ကဌနဲ့ရွာသား တဦးကို မနေ့က ညနေ (၄) နာရီ၀န်းကျင်မှာ ဘုန်းကြီးကျောင်းအနီးကို ခေါ်လာပြီးတော့ သူတို့ရဲ့ သေနတ်တွေ၊ လက်တွေ၊ ခြေထောက်တွေ အသုံးပြုပြီးတော့ ခေါင်း၊ ဗိုက်၊ ခြေထောက်၊ နဖူးစသဖြင့် တစ်ကိုယ်လုံးလိုလို ရိုက်နှက် နေတယ်၊ ရွာသားတဦးဆို နဖူးမှာ ဒဏ်ရာတွေရသွားတယ်၊ ဥက္ကဌက တစ်ကိုယ်လုံးလိုလို ရိုက်နှက်ခံရတယ်၊ အခုချိန် ထိ ကျတော်တို့ရွာမှာ အဲဒီစစ်သားတွေ ရှိနေတုန်းဘဲ၊ ဥက္ကဌကိုလည်း သူတို့ဆီမှာ ခေါ်ထားတယ်၊ အဲဒီ ရိုက်ခံရတဲ့ ရွာသားကိုတော့ ပြန်လွှတ်လိုက်ပြီ၊ ပြီးတော့ သူတို့ ပစ္စည်းထမ်းဖို့ ခေါ်ထားတဲ့ လူ (၁၅) ယောက်ကိုလည်း ဒီနေ့ညနေ (၅) နာရီလောက်အဆင့်သင့်ဖြစ်အောင် လုပ်ခိုင်းပြီး သူတို့ဆီလာဖို့ပြောထားတယ်' ဟု ပြောသည်။

ထို့အပြင် ၎င်းစစ်သားများသည် ရွာသားတဦးကို အင်္ကျီချွတ်ခိုင်းရာတွင် သူ၏ ပခုံးတွင် နီရဲနေသော အမှတ်ကို မြင်ရ သောကြောင့် T.N.L.A နှင့် ဆက်နွယ်နေသည်ဟု ပိုပြီး သံသယ၀င်ကာ ရိုက်နှက်ခံရပြန်သည်။





## နိဂုံး

ယခုအစီရင်ခံစာ ပြုစုသည့်ကာလအတွင်း ပြည်သူလူထုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် တောင်းဆို၊ တိုက်ပွဲဝင်ခြင်း၊ လယ်သမားများအနေဖြင့် မတရားသဖြင့် သိမ်းပိုက်ထားသည့် လယ်ယာမြေများအတွက် ဆန့်ကျင်ဆန္ဒပြခြင်း၊ နိုင်ငံရေးအကျဉ်းသားများအနေဖြင့် အမှန်တရား ဖော်ထုတ်ခြင်းနှင့် (အပြစ်ကျူးလွန်သူများမှ) ဝန်ချတောင်းပန်ခြင်းတို့ကို တောင်းဆိုခြင်း၊ လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့်လည်း လူ့အခွင့်အရေးပညာပေးမှုနှင့် ကာကွယ်စောင့်ရှောက်မှု တို့ကို ဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားများအနေဖြင့်လည်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တောင်းဆိုနေကြသည်။

တချိန်တည်းမှာပင် အစိုးရအနေဖြင့် မတရားသည့်ဥပဒေများဖြင့် မီဒီယာအပေါ် ချုပ်ချယ်ခြင်း၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် အကြမ်းဖက်မှုများ ဆက်လက်ပြုလုပ်နေသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေခြင်းနှင့် ရဟန်းသံဃာများ၊ တိုင်းရင်းသား၊ ပြည်သူလူထုတရပ်လုံးအပေါ် မတရားဖမ်းဆီး၊ ထိန်းသိမ်းခြင်းများ ပြုလုပ်နေသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများမှ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကိစ္စများအဖြစ် ပြုပြင်ပြောင်းလဲလာစေရန်၊ အစိုးရအနေဖြင့် ပြည်သူလူထု၏ လူ့အခွင့်အရေးကို လေးစားလိုက်နာမှု ပျက်ကွက်နေသမျှ တာဝန်ယူ၊ တာဝန်ခံမှုဖြင့် အရေးယူ ဆောင်ရွက်ရန် ND-Burma အနေဖြင့် ဆောင်ရွက်နေသည်။ အထက်ပါအချက်များမပြည့်စုံဘဲ စစ်မှန်သော ဒီမိုကရေစီစနစ်ကို အပြည့်အဝရရှိသည်ဟု တိုင်းတာ၍ ရမည်မဟုတ်ပေ။

တိုင်းပြည်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်မည်ဆိုပါက အစိုးရအနေဖြင့် အမှန်တရားရှာဖွေ၊ ဖော်ထုတ်ခြင်းလုပ်ငန်းများအား တာဝန်ယူ၊ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ လူ့အခွင့်အရေးချိုးဖောက်၊ ကျူးလွန်ခဲ့သူများအားလည်း တာဝန်ခံမှုများ ရှိလာစေရေးအတွက် မလွဲမသွေ လုပ်ဆောင်ပေးရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma အနေဖြင့် မှတ်တမ်းတင်၍ အစီရင်ခံစာများ ထုတ်ပြန်ပြီး လက်ရှိဆောင်ရွက်နေဆဲဖြစ်သည့် အမှန်တရားနှင့် တရားမျှတမှု ပြန်လည်ထွန်းကားရေးလုပ်ငန်းများကို ဆက်လက်အားပေးကူညီ ပံ့ပိုးပေးသွားမည် ဖြစ်သည်။

**နောက်ဆက်တွဲ (၁) လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန္နဝါရီလ - ဇွန်လ ၂၀၁၄)**

| လစဉ်နှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ ခိုင်းစေခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အတင်းအဓမ္မ ပြုကျင့်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန္နဝါရီ | | ၃၀ | | ၁ | ၁ | | ၈ | ၁ | ၁ | ၄ | ၁ | ၃ | ၄ | ၅၄ |
| ဖေဖော်ဝါရီ | ၁ | | ၁ | ၃ | | ၁ | ၁ | | ၁ | | | ၈ | ၁ | ၁၇ |
| မတ် | ၂ | | | ၄ | | ၁ | ၂ | | | | ၁ | | ၂ | ၁၂ |
| ဧပြီ | | ၃ | | | | | ၃ | | | | | ၁ | ၁ | ၈ |
| ဇွန် | ၁ | ၃ | | ၁ | | ၃ | | | | ၁ | | ၂ | ၁ | ၁၂ |
| စုစုပေါင်း | ၄ | ၃၆ | ၁ | ၉ | ၁ | ၅ | ၁၄ | ၁ | ၂ | ၅ | ၂ | ၁၄ | ၉ | ၁၀၃ |

နောက်ဆက်တွဲ (၂) လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန္နဝါရီလ - ဇွန်လ ၂၀၁၄)

| ပြည်နယ်/ တိုင်းနှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အတင်းအဓမ္မ ပြုကျင့်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | ညှင်းပမ်းနှိပ်စက်ခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဧရာဝတီတိုင်း ဒေသကြီး | | ၁ | | | | ၂ | | | | | | | | ၃ |
| ကချင်ပြည်နယ် | | ၁ | | ၄ | ၁ | ၁ | ၅ | | | ၁ | ၁ | | | ၁၄ |
| ကရင်ပြည်နယ် | | | | | | | | | | | | | ၁ | ၁ |
| မွန်ပြည်နယ် | ၁ | ၂၇ | | | | | | ၁ | ၁ | ၂ | | ၃ | ၄ | ၃၉ |
| ပဲခူးတိုင်း ဒေသကြီး | | ၁ | | | | | | | | | | | ၁ | ၂ |
| ရန်ကုန်တိုင်း ဒေသကြီး | | | | | | ၁ | | | | | | | | ၁ |
| ရှမ်းပြည်နယ် | ၃ | ၃ | ၁ | ၃ | | ၁ | ၉ | | ၁ | ၂ | ၁ | ၉ | ၂ | ၃၅ |
| တနင်္သာရီတိုင်း ဒေသကြီး | | ၃ | | ၂ | | | | | | | | ၂ | ၁ | ၈ |
| စုစုပေါင်း | ၄ | ၃၆ | ၁ | ၉ | ၁ | ၅ | ၁၄ | ၁ | ၂ | ၅ | ၂ | ၁၄ | ၉ | ၁၀၃ |

**နောက်ဆက်တွဲ (၃)** လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် လစဉ်အလိုက်နှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန္နဝါရီလ - ဇွန်လ ၂၀၁၄)

| လစဉ်နှင့် ပြည်နယ်/ တိုင်း အလိုက် | ဧရာဝတီတိုင်းဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | ရှမ်းပြည်နယ် | ပဲခူးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မွန်ပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဇန္နဝါရီ | | ၉ | | ၃၄ | | | ၅ | ၆ | ၅၄ |
| ဖေဖော်ဝါရီ | | | | | | | ၁၇ | | ၁၇ |
| မတ် | | ၅ | ၁ | | ၁ | | ၅ | | ၁၂ |
| ဧပြီ | | | | | | | ၈ | | ၈ |
| ဇွန် | ၃ | | | ၅ | ၁ | ၁ | | ၂ | ၁၂ |
| စုစုပေါင်း | ၃ | ၁၄ | ၁ | ၃၉ | ၁ | | ၃၅ | ၈ | ၁၀၃ |



GPO 315
Chiang Mai 50000
Thailand

+66 (0) 53 408 149
office@nd-burma.org
www.nd-burma.org